**တိုင်းရင်းသားအပစ်ရပ်တပ်များကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲရန် နအဖစစ်တပ်၏ ဖိအားပေးမှုအပေါ် ကနေဒါရောက်မြန်မာတိုင်းရင်းသားများသဘောထားထုတ်ပြန်ကြေညာချက်၊**

June 29, 2009

(၁) စစ်အာဏာရှင်နအဖမှ အပစ်ရပ်ထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုနယ်ခြားစောင့်တပ်များအဖြစ်အသွင်းကူးပြောင်းရန် နအဖ၏ဖိအားပေးအကျပ်ကိုင်မှုများကို ကျွန်ုပ်တို့ ပြင်းထန်စွာကန့်ကွက်ရှုံ့ချလိုက်သည်။

(၂) အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်တပ်များကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲရန်အတွက် အသွင်ပြောင်းကော်မီတီဝင်များနှင့် ၄င်းတို့၏လုပ်ငန်းစဉ်များသည် နအဖမှ စိတ်ကြိုက်ရွေးချယ်ထားသောသူများနှင့် တဖက်သတ်ကျသောလုပ်ငန်းစဉ်များဖြစ်ပြီး တိုင်းရင်းသားတို့အတွက် မည်သည့်တစ်စုံတရာအကျိုးရှိမည်မဟုတ်ပေ။

(၃) တိုင်းရင်းသားတို့၏ အမျိုးသားလွတ်လပ်ရေးနှင့်အချုပ်အချာအာဏာအတွက် နှစ်ပေါင်းများစွာတိုက်ပွဲဝင်လာခဲ့သော တော်လှန်ရေးအဖွဲ့အစည်းများကို အစီအစဉ်ရှိရှိဖြိုခွဲခြင်း၊ မွန်မြတ်သောတော်လှန်ရေးအဖွဲ့မှသည်သေးသိမ်သောနယ်ခြားစောင့်တပ်အဆင့်ရောက်အောင်ဖန်တီးပြီး ကောက်ကျစ်စဉ်းလဲစွာ ဖြိုခွဲဖျက်ဆီးခြင်း တို့သည် စစ်အာဏာရှင်အဆက်ဆက်တို့၏လူမျိုးစုများ အပေါ်ဆင်နွဲနေသော မျိုးဖြုတ်စစ်ပွဲ၏တစ်စိတ်တဒေသဖြစ်သည်။

(၄) နအဖအစီအစဉ်အတိုင်း အပစ်ရပ်တပ်များနယ်ခြားစောင့်တပ်အဖြစ်လက်ခံလိုက်လျှင် တိုင်းရင်းသားတို့၏အခြေအနေများအဖက်ဖက်တွင်ပို၍ဆိုးဝါးလာမည်မှာသေချာသည်။တိုင်းရင်းသားတို့၏စာပေယဉ်ကျေးမှုကိုဖျက်ဆီးခြင်း၊တိုင်းရင်းသားတို့ပိုင်သံယံဇာတ ပစ္စည်းများကိုလက်ဝါးကြီးအုပ်ကြိုးကိုင်ခြင်း၊မုဒိမ်းကျင့်၊လူသတ်မှု အပါအဝင် လူ့အခွင့်အရေး ချိုးဖေါက်ခံရမှု မျိုးစုံတို့ကို နအဖမှပို၍လုပ်ဆောင်လာမည်ဖြစ်ပါသည်။

(၅) တိုင်းရင်းသားလက်နက်ကိုင်တပ်မှသည် နယ်ခြားစောင့်တပ် အသွင်ပြောင်းလိုက်ခြင်းဖြင့် နအဖတို့ကျဆင်းနေသောစစ်အင်အားကိုပြန်လည်ဖြည့်တင်းရာရောက်မည်ဖြစ်သည်၊ခေတ်အဆက်ဆက်မှ စစ်အုပ်စုတို့ကျူးလွန်ထားခဲ့သော ရာဇဝတ်ပြစ်မှုများကို ကာကွယ်ပေးရာရောက်မည်ဖြစ်ပြီး၊အနာဂတ်တွင်ဆက်လက်ကျူးလွန်မှုများကိုလည်းပို၍လုပ်ဆောင်ရန်လမ်းခင်းပေးရာရောက်မည်ဖြစ်သည်။

(၆) ထို့အပြင်နအဖတို့သည်မြန်မာပြည်တွင်ပြည်တွင်းစစ်မရှိတော့ကြောင်းကမ္ဘာကြီးကိုဆက်လက်လိမ်လည်နိုင်ပြီး နအဖအတွက်သေရေးရှင်ရေးတမျှ အရေး ကြီးသော ၂၀၁၀ရွေးကောက်ပွဲကိုလည်း ထောက်ခံအားပေးရာ ရောက်မည်ဖြစ်ပါသည်။

(၇) ထို့ကြောင့်တိုင်းရင်းသား အပစ်ရပ်လက်နက်ကိုင်များအနေဖြင့် နအဖတို့၏ ကောက်ကျစ်စဉ်းလဲမှု၊ ဖြား ယောင်းသွေးဆောင်မှုမျိုးစုံတိုကိုတော်လှန်သောအသိဖြင့်လုံးဝ လက်မခံဘဲ ပြစ်တင်ရှုံ့ချပြီး မိမိတို့အမျိုးသား လွတ်မြောက်ရေးနှင့် အချုပ်အချာ အာဏာ အတွက် စစ်အာဏာရှင်များကို စည်းလုံး ညီညွတ်စွာတိုက်ပွဲဝင်သွား ကြရန်တိုက်တွန်း လိုက်ရပေသည်။

Burma Ethnic Nationalities Community of Canada

(1) Vancouver Shan Community
(2) Karenni State Youth (Canada)
(3) Vancouver Chin Community
(4) Kachin Organization Of Canada
(5) Karen Canadian Community
(6) Mon Community of Canada
(7) Rakhine Community of Canada
(8) Zo National Union

**Contact Persons :**

Mahn Bee Du (+778-317-7222)
Saion Nammao (+604-598-9192)